## ဝေ့ချက် သုံး - သင်ခန်းစာမေးခွန်းများ

1. ဗျာဒိတ် ၁း၃ တွင် "ကာလအချိန် ရောက်လုနီးပြီဖြစ်၍၊ ဤပရောဖက်ကျမ်း စကားကို ဖတ်ရှုကြားနာ၍၊ ရေးထားသမျှကို စောင့်ထိန်းသောသူတို့သည် မင်္ဂလာရှိကြ၏"ဟု ပြောထားသည်။ ဗျာဒိတ်ကျမ်းကို ဆုတောင်းခြင်းအပြည့်ဖြင့် ဖတ်ရှုခြင်း၌ ကြီးစွာသော အရေးကြီးသည့်အချက်မှာ အဘယ်နည်း။
2. ဝေ့ချက် ၁ မှ - ယနေ့ အချိန်၌ သခင်ဘုရားထံသို့ ကျွန်ုပ်တို့အစေခံခြင်း၏ ပင်ကိုမူလ ပုံဆောင်ချက်မှာ အဘယ်နည်း၊ အချိန်၌ ဘုရားသခင်၏ တစ်ခုတည်းသော ပန်းတိုင်နှင့် မည်သို့ ဆက်နွယ်နေပါသနည်း။
3. ဗျာဒိတ် ၁း၁၈ တွင် "ငါသည် ကာလအစဉ်အဆက် အသက်ရှင်သည်"ဟု ပြောထားသည်။ ဤကျမ်းပိုဒ်၏ ကြီးစွာသော ဖွင့်ပြချက်မှာ အဘယ်နည်း။ ဤအံ့သြဖွယ် စစ်မှန်ခြင်းကို ကျွန်ုပ်တို့ မည်သို့ တွေ့ကြုံခံစားခြင်း၊ မွေ့လျော်ဝမ်းမြောက်ခြင်း၊ ထင်ရှားခြင်း ရှိနိုင်မည်နည်း။
4. လူသားတော်အဖြစ် ခရစ်တော်သည် ရွှေမီးခုံတိုင်များအလယ်တွင် သွားလာနေခြင်း၏ ရူပါရုံကို မြင်ရန်အလို့ငှာ ကျွန်ုပ်တို့ မည်သို့သောသူများ ဖြစ်သင့်သနည်း၊ အောင်မြင်သောသူများသည် ရွှေမီးခုံတိုင်များနှင့် မည်သို့ အသက်ဆိုင်ရာ ဆက်နွယ်နေပါသနည်း။
5. စစ်မှန်သော တစ်လုံးတစ်ဝဖြစ်ခြင်းအခြေပြုနေရာ၊ ဘုရားသခင်ရွေးချယ်တော်မူသောနေရာပေါ်မှာ ကျွန်ုပ်တို့စည်းဝေးခြင်း၏ ဝိသေသ လက္ခဏာလေးခုမှာ အဘယ်နည်း။
6. ၁ယော ၅း၁၆ အရ ကျွန်ုပ်တို့သည် အပြစ်ပြုမိသောညီအစ်ကိုအတွက် ဘုရားသခင်၏ ပြည့်စုံသောကယ်တင်ခြင်းပန်းတိုင်အရ ပင်ကိုမူလ နည်းလမ်း၌ မည်သို့ ဂရုစိုက်ပေးနိုင်မည်နည်း။
7. ကောင်းကင်ဆိုင်ရာအမှုတော်၌ လူသားတော်အဖြစ် ခရစ်တော်သည် မည်သို့ဖြင့် အသင်းတော်များကို ကိုယ်တော်၏လူသားဇာတိ၌ ပြုစုယုယ၍၊ ကိုယ်တော်၏ဘုရားဇာတိ၌ ကျွေးမွေးခြင်းရှိပါသနည်း။
8. ဗျာဒိတ် ၁ ရှိ ဘုန်းထင်ရှားသော ခရစ်တော်၏ ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာ ဝိသေသလက္ခဏာများမှာ အဘယ်နည်း။

*© 2025 Living Stream Ministry*

## ဝေငှချက် ၃ အတွက် သင်ခန်းစာမေးခွန်း ၁ အဖြေ

## ကျွန်ုပ်တို့ဖတ်သောအရာ ဖြစ်လာခြင်း

ဗျာဒိတ် ၂၂း၁၀ တွင် သမ္မာကျမ်းတစ်အုပ်လုံး၏အဆုံး၌ တမန်တော်ယောဟန်က "ဤစာစောင်၏ ပရောဖက်စကားကို တံဆိပ်မခတ်နှင့်။ အကြောင်းမူကား၊ ကာလအချိန်ရောက်လုနီးပြီ"ဟု ရေးထားသည်။ ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အရာခပ်သိမ်း ပြီးစီးပြီးနောက် သခင်ဘုရားက ဗျာဒိတ်ကို မပိတ်ထားဘဲ၊ ဖွင့်ထားလျက်ရှိစေရန် ကျွန်ုပ်တို့အား မိန့်မှာထားသည်။ စာအုပ်ကို ပိတ်ထားခြင်းမှာ ၎င်းကို ဘေးဖယ်ထားခြင်းဖြစ်ပြီး၊ ဖွင့်ထားခြင်းမှာ တစ်နေ့ပြီးတစ်နေ့ အရေးကြီးသော ကျမ်းပိုဒ်များအားလုံးကို ဖတ်ရှုနေခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် မည်သည့်ပြောင်းလဲမှုကိုလုပ်ဖို့ ဆုံးဖြတ်ချက်မချသင့်ဘဲ၊ သခင်ဘုရား၏နှုတ်ကပတ်တော်ကို နေ့စဉ်တိုင်း ဖတ်သင့်ပါသည်။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကို ရှင်းပြခြင်း သို့မဟုတ် ရှင်းလင်းဖွင့်ဆိုခြင်း လုပ်ဖို့မလိုအပ်ပါ။ ဆုတောင်းခြင်းအပြည့်ဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဖတ်ရန်သာ လိုအပ်သည်။ ဧဖက် ၆း၁၇-၁၈ တွင် "ဘုရားသခင်၏ နှုတ်ကပတ်တော်တည်းဟူသော ဝိညာဉ်တော်၏ သန်လျက်ဓားကို … အမျိုးမျိုးသော ဆုတောင်းခြင်းနှင့် အသနားခံ တောင်းလျှောက်ခြင်းတို့ဖြင့် လက်ခံရယူ… ကြလော့ "ဟု ပြောထားသည်။ ဝိညာဉ်၌ နှုတ်ကပတ်တော်၏ဝေစုကို ဆုတောင်းခြင်း အခြေအနေတွင် အကြိမ်များစွာ ဖတ်ရှုပြီးနောက် ကျွန်ုပ်တို့သည် ယခင်ကဲ့သို့ ရှိနေမည်မဟုတ်တော့ပါ။ ကျွန်ုပ်တို့ ဖြစ်သောအရာ၌ ခြားနားလာလိမ့်မည်၊ ယင်းမှာ ကျွန်ုပ်တို့စိတ်ဆုံးဖြတ်ခြင်းအားဖြင့်မဟုတ်ဘဲ၊ ဖွင့်ပြသော နှုတ်ကပတ်တော်ကို တစ်ချိန်လုံး ဖွင့်ထားခြင်းအားဖြင့် ဖြစ်သည်။

ယောဟန် ၆း၆၃ တွင် သခင်ယေရှုက "ဝိညာဉ်တော်သာလျှင် အသက်ပေး၏။ အသွေးအသားသည် အလျှင်း မတတ်နိုင်။ ငါပြောသော စကားသည် ဝိညာဉ် ဖြစ်၏။ အသက်လည်း ဖြစ်၏"ဟု ပြောထားသည်။ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာနှုတ်ကပတ်တော်ကို တစ်နေ့ပြီးတစ်နေ့ နံနက်ခင်း၊ နေ့လည်ခင်း၊ ညနေခင်းတို့၌ ပို၍ ဖတ်ရှုလေလေ၊ ကျွန်ုပ်တို့က အသက်၏ဝိညာဉ်တော်ကို ရရှိလေလေဖြစ်ပြီး၊ နှုတ်ကပတ်တော်၌ ရေးသားထားသည့်အရာအတိုင်း ကျွန်ုပ်တို့ဖြစ်လာလေလေဖြစ်သည်။ ကျွန်ုပ်တို့လိုအပ်နေသည်မှာ ဘုရားဆိုင်ရာဖွင့်ပြခြင်းနှင့် ဘုရားဆိုင်ရာရူပါရုံကို မြင်ရန်ဖြစ်ပြီး၊ ကျွန်ုပ်တို့ ဆက်လက်မြင်နေရန် နည်းလမ်းမှာ သန့်ရှင်းသောနှုတ်ကပတ်တော်ကို ဖတ်ရှုခြင်းပင် ဖြစ်သည်။ ဤသို့ပြုလျှင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့စားသုံးသောအရာ ဖြစ်လာမည်၊ တစ်နည်းအားဖြင့် ဆိုရလျှင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ဖတ်ရှုသောအရာ ဖြစ်လာလိမ့်မည်ဖြစ်သည်။ နှုတ်ကပတ်တော်ကို တစ်ကြိမ်ပြီးတစ်ကြိမ် ဖတ်ရှုခြင်းက ကျွန်ုပ်တို့ကို ကျွေးမွေးသည်၊ ကျွန်ုပ်တို့ကို ပုံသဏ္ဍာန်ပြောင်းလဲစေသည်၊ ကျွန်ုပ်တို့ဖြစ်ခြင်းအဟောင်းကို ဝါးမျိုပစ်လေသည်။

ကျွန်ုပ်၏ဝန်တာမှာ ဤတံခါးနှင့် ဤလှေကားကို သင်တို့ထံ လက်ဆင့်ကမ်းပေးရန်ဖြစ်သည်။ ရှေ့ဦးစွာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ခံယူချက်များကို လွှတ်ချရန် လိုအပ်သည်၊ ဒုတိယမှာ ကျွန်ုပ်တို့စိတ်ပြောင်းလဲခြင်းမပြုဘဲ၊ ဘုရားဆိုင်ရာနှုတ်ကပတ်တော်ကို ဖတ်ရှုသင့်ပါသည်။ ကျွန်ုပ်တို့ တတ်နိုင်မည် မတတ်နိုင်မည်ကို မေ့ထားလိုက်သင့်ပါသည်။ သင်လုပ်နိုင်ခြင်း မလုပ်နိုင်ခြင်းမှာ ဘာမျှမဟုတ်ပါ။ ကျွန်ုပ်မတတ်နိုင်ခဲ့လျှင် ကျွန်ုပ်သည် ကျွန်ုပ်ကိုယ်တိုင်ဖြစ်နေဆဲဖြစ်ပြီး၊ ကျွန်ုပ်တတ်နိုင်လျှင်လည်း ကျွန်ုပ်ကိုယ်တိုင်ဖြစ်နေဆဲပင် ဖြစ်သည်။ ကျွန်ုပ်တို့ဖတ်ရှုသောအရာသည် ကျွန်ုပ်တို့ဖြစ်လာမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိတို့၏ခံယူချက်များကို လွှတ်ခံလိုက်ပြီး နှုတ်ကပတ်တော်ကိုသာ ဖတ်ရမည်၊ အလင်းသည် ကျွန်ုပ်တို့ထံ ရောက်လာ၍ ကျွန်ုပ်တို့သည် တဖြည်းဖြည်း အခြားသောပုဂ္ဂိုလ်ဖြစ်လာမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အခြားသောပုဂ္ဂိုလ်ဖြစ်လာဖို့ စိတ်ပိုင်းဖြတ်ခြင်းပြုဖို့ မလိုအပ်ပါ။ ထိုအရာသည် အလုပ်မဖြစ်ပါ။ ထိုအရာသည် ဘာသာတရားနည်းလမ်းဖြစ်သည်။ နှစ်များတစ်လျှောက်တွင် ကျွန်ုပ်၏အမှုတော်၌ ကျွန်ုပ်တို့သည် ပလ္လင်ဟုခေါ်ဆိုသော အရာသို့ လူများကို ရှေ့သို့လာ၍ ခြားနားသောသူများဖြစ်လာဖို့ သစ္စာဆိုစေရန် ဖိတ်ခေါ်ခြင်းမျိုး တစ်ခါမှ မရှိဖူးပါ။ နှစ်များစွာတစ်လျှောက်လုံး အမှုတော်က သန့်ရှင်းသူများထံ ဘုရားဆိုင်ရာနှုတ်ကပတ်တော်ရှိ စစ်မှန်သောအရာများ၏ ရူပါရုံကို ဖွင့်ပြပေးကာ၊ ထိုသို့ဖြင့် သူတို့သည် ဤအရာများကို ထိတွေ့၍ မြင်နိုင်မည်ဖြစ်သည်။ ကျွန်ုပ်သည် သင်တို့အား သန့်ရှင်းသောနှုတ်ကပတ်တော်ကို ဆက်၍ ထိတွေ့ကာ၊ ဆက်၍ မြင်နေစေဖို့ ခွန်အားပေးလိုပါသည်။ နောက်ဆုံးတွင် သင်ဖတ်သောအရာသည် သင်ဖြစ်လာလိမ့်မည်ဖြစ်သည်။

*© 2025 Living Stream Ministry*